# ပြည်သူသို့ ပန်ကြားချက်

၁။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ရက်စက်ကြမ်းကြုတ်လှသော စစ်အာဏာရှင်စနစ်ဆိုး လက်အောက်မှ ဖိနှိပ်ခံ ပြည်သူလူထု တရပ်လုံး အမြန်ဆုံး လွတ်မြောက်ရေးအတွက် သံဃာတော်များ ဦးဆောင်ပြီး ပြည်သူလူထု တရပ်လုံး ပါဝင်မှုအပေါ် ကျွန်ုပ်တို့ လွန်စွာကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

၂။ ယခုလှုပ်ရှားမှုကြီးသည် ကျွန်ုပ်တို့ ပြည်သူလူထု၏ ဒုတိယ လွတ်လပ်ရေး တိုက်ပွဲဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး အလှည့်အပြောင်း ကာလတရပ်ဖြစ်သည်ဟု ကျွန်ုပ်တို့ အခိုင်အမာ ယုံကြည်သည်။ လှုပ်ရှားမှု အရှိန်အဟုန်ကို လုံးဝလျှော့၍မရပဲ တဆင့်ပြီးတဆင့် အရှိန်အဟုန်ကို အားသွန်ခွန်စိုက် တိုးမြှင့်လုပ်ဆောင်သွားရမည်။ သို့မှသာ ကျွန်ုပ်တို့ လိုလားတောင့်တနေသော ဒီမိုကရေစီ အစိုးရတရပ် အမြန်ဆုံး ပေါ်ထွန်းလာမည်။

၃။ ထို့ကြောင့် သံဃာတော်များ ဦးဆောင်မှုနှင့်အတူ ကျောင်းသားကျောင်းသူ လူငယ်များ အပါအဝင် အလွှာအသီးသီးမှ ပြည်သူလူထု တရပ်လုံး ပူးပေါင်းပါဝင်လက်တွဲပြီး ကျွန်ုပ်တို့ ဒီမိုကရေစီအရေး အတွက် ကိုယ်ကျိုးစွန့် ပေးဆပ်ကြပါရန် လေးနက်စွာ ပန်ကြားအပ်ပါသည်။

ရက်စွဲ၊ ၂၅-၉-၂၀၀၇

အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ